## အခန်း (၁၄)
## ပေးကမ်းခြင်းဖြင့်သာသနာပြုခြင်း
## (The Ministry of Giving)

အသင်းတော်များတည်ထောင်ရန်နှင့် မရှိဆင်းရဲသားများကူညီရန်အတွက် ရံပုံငွေကောက်ခံသည့်အခါ ဥပုဒ်စာဖြေနှင့်တခြားကဏ္ဍပေါင်းစုံပါဝင်သော မိမိပါဝင်နေသည့် ယုံကြည်သူထောင်ပေါင်းများစွာပါဝင်နေသော မိရိုးဖလာအသင်းတော်၌ ကောက်ခံရမည်လော့။ (ထိုအသင်းတော်၌ မီးဖိုချောင်၊ Racketball ကစားရုံ၊ နှင့်တခြားအားကစားရုံများ ပါဝင်သည်။ သို့မဟုတ်ဦးဆောင်သူနှစ်ယောက်သာပါဝင်သော အိမ်အသင်းတော်မိသားစုဝင် ၅၀ အဖြစ်စုစည်းထားသည့်ယုံကြည်သူထောင်ပေါင်းများစွာပါဝင်သော အသင်းတော်သို့ အလှူငွေကောက်ခံမည်လော့။ အများအားဖြင့် အမေရိကတွင်ရှိသေ Protestant ယုံကြည်သူတို့သည် သူတို့ရရှိသော ငွေထဲမှ ၈၂ ရာခိုင်းနှုန်းသည်အဆောက်အဦးများ၊ အသင်းတော်၌အစေခံသူများ၏လစာ၊ နှင့် အသင်းတော်နှင့်ပတ်သက်သောလုပ်ငန်းကိစ္စများအတွက် အသုံးပြုသည်။ ၁၈ ရာခိုင်းနှုန်းခန့်သည် သာသနာလုပ်ငန်းအတွက် အသုံးပြုသည်။ သို့သော် သမ္မာကျမ်းစာထဲ၌ ဖော်ပြထားသောအိမ်အသင်းတော်တွင် အထက်ကဖော်ပြထားသော ရာခိုင်းနှုန်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

ငွေကြေးပံ့ပိုးပေးရန် အဆောက်အဦးမရှိသဖြင့် အချိန်ပြည့်သင်းအုပ်ဆရာမရှိပေ။ အပတ်တိုင်းအလှူခံပုံးဖြင့် အလှူငွေကောက်ခံခြင်းလည်း မရှိပေ။ ယုံကြည်သူအသစ်များက သမ္မာကျမ်းစာ၌ဖော်ပြထားသော အိမ်အသင်းတော်နှင့်ပတ်သက်ပြီး မေးလေ့မေးထရှိသောမေးခွန်းသည် “ကျွန်ုပ်တို့ထည့်ဝင်သော ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေသည် မည်ကဲ့သို့အသုံးပြုသနည်း။” အဖြေသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်။ ပထမအနေနှင့် ဘုရားသခင်သည်ရက်ရောစွာပေးကမ်းခြင်းကို နှစ်သက်သည် (၂ကော ၉း၆–၇)။ ဓမ္မသစ်ထဲ၌ ဖော်ပြထားသောပေးကမ်းခြင်းသည် မိမိနှလုံးသားထဲမှဆုံးဖြတ်ပြီး ဝမ်းမြောက်စွာဖြင့် ပေးကမ်းလှူဒါန်းခြင်းဖြစ်သည်။ ဒုတိယအနေနဲ့ မိတ်ဆွေပေးကမ်းလှူဒါန်းသော အလှူငွေများသည် ကူညီဖို့လိုအပ်သောနေရာများတွင် လွတ်လပ်စွာဖြင့် အသုံးချရန်အတွက် ဖြစ်ပါသည်။ အသင်းတော်၌ အချိန်ပြည့်အမှုတော်ဆောင်များနှင့် မရှိဆင်းရဲသားများကူညီရန်အတွက် ဖြစ်သည်။

ကျွန်တော်ပါဝင်သော အိမ်အသင်းတော်များ၌ အလှူငွေကို ကြာမှတစ်ခါကောက်ခံသည့်နည်းတူ ကျွန်ုပ်တို့သည် အလှူငွေလည့်ဝင်သောအခါ မည်ကဲ့သို့ပေးလှူကြသနည်း။ ကျွန်တော်ခေါင်းဆောင်တစ်ဦးဖြစ်သောကြောင့် ယုံကြည်သူတို့သည် သူတို့၏ပေးလှူသောငွေကြေးမှန်တမ်းကို တွက်ချက်ခြင်းမပြုရန် သူတို့ကိုကျွန်တော်တိုက်တွန်းခဲ့ပါသည်။ အပတ်တိုင်း၌ ယုံကြည်သူမိသားစုအားလုံးသည် မိမိထည့်ဝင်သောအလှူငွေများကို စုသိမ်း၍ ယုံကြည်သူများထဲမှ ကူညီရန်လိုအပ်သူများမပေါ်ပေါက်မှီတိုင်အောင် စုသိမ်းခဲ့ရသည်။ အသင်းတော်သို့ပေးကမ်းခြင်းသည် ပေးလှူသူမှ ပေးလှူခြင်းခံရသူထံ တိုက်ရိုက်လှူဒါန်းခြင်းဖြစ်သည်။ ကြားခံလူဟူ၍ မရှိပေ။ (အလှူငွေကောက်ခံသောသူတို့သည် ကြားခံလူများ မဟုတ်ပေ။) ဤနည်းလမ်းအားဖြင့် သာသနာပြုသူများ၊ တခြားနိုင်ငံ၌ရှိသောမိဘမဲ့ကလေးသူငယ်များ၊ ညှဉ်းပန်းနှိပ်စက်ခြင်းခံသော ယုံကြည်သူများနှင့် မရှိဆင်းရဲသားများထံ ကျွန်ုပ်တို့ပေးကမ်းလှူဒါန်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘဏ်စုငွေနှင့် အသင်းတော်ပစ္စည်းဥစ္စာခနေပှူ၍ မရှိပေ။

**အလှူငွေကောက်ခံခြင်းများ (Collections)**

ဓမ္မသစ်ကျမ်းထဲ၌ရှိသော ယုံကြည်သူတစ်ချို့တို့သည် အသင်းတော်၏လုပ်ရှားမှုမှအပ မိမိဆန္ဒအလျောက်ပေးလှူခြင်း၌ ပါဝင်ခဲ့ပါသည်။ ယုံကြည်သူတစ်ဦးက မရှိဆင်းရဲသော တခြားယုံကြည်သူတစ်ဦးကို ကူညီရန်ဖြစ်ပါသည် (တမန် ၁၁း၂၇-၃၀၊ ၂၄း၁၇၊ ရောမ ၁၆၅း၂၅-၂၈၊ ၁ကော ၁၆း၁-၄၊ ၂ကော ၈း၁-၁၅၊ ၉း၁၂)။ တခြားသော ယုံကြည်သူတစ်ဦးက တမန်တော်များ (အသင်းတော်တည်ထောင်သူများ) ကို သူတို့၏လုပ်ငန်းအတွက် ကူညီရန်ဖြစ်သည် (တမန် ၁၅း၃၊ ရောမ ၁၅း၂၃-၂၄၊ ၁ကော ၉း၁-၁၄၊ ၁၆း၅-၆၊ ၁၀-၁၁၊ ၂ကော ၁း၁၆၊ ဖိ ၄း၁၄-၁၈၊ တိ ၃း၁၃-၁၄၊ ၃ယော ၅-၈)။

ယုံကြည်သူများသည် ခက်ခဲမှုဘေးဒဏ်ကြီးများနှင့် ရင်ဆိုင်လိုက်တိုင်း (အစာခေါင်းပါးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း စသောဒုက္ခများ) တခြားယုံကြည်သူတို့က ငွေကြေးဖြင့်ကူညီထောက်ပံ့ရပေမည်။ အရေးကြီးသောမှတ်သားစရာသည် ဤကဲ့သို့ မရှိဆင်းရဲသားများကူညီရန် အလှူငွေကောက်ခံခြင်းသည် ပုံမှန်လုပ်ဆောင်ရန်မဟုတ်ပေ။ ကူညီရန်လိုအပ်သောသူများ ကူညီပြီးသည့်နောက်အလှူငွေများ ကောက်ခံခြင်းရပ်တန့်ရပေမည် (တမန် ၁၁း၂၇-၃၀၊ ၁၂း၂၅၊ ၁ကော ၁၆း၁-၄)။ နောက်ဆုံးအနေဖြင့် အနောက်နိုင်ငံ၌ရှိသော ယုံကြည်သူ (ကျွန်ုပ်တို့သည်) သည် တရုတ်ပြည်တွင်ရှိသော မိမိညီအစ်ကိုတို့ကို ကောင်းမွန်စွာဖြင့်ကူညီနိုင်ခဲ့သည်။ မရှိဆင်းရဲသားတို့အား မိမိဆန္ဒအလျောက်ပေးလှူခြင်းသည် လျှို့ဝှက်ချက်နှင့်သူတို့ထံ တိုက်ရိုက်ကူညီခြင်းဖြစ်သည် (မဿဲ ၆း၁-၄၊ ၁၉-၂၁၊ ဧ ၄း၂၈)။ အသင်းတော်တွင်ကူညီဖို့ရန် လိုအပ်သောမုဆိုးမတို့၏ နာမည်စာရင်းကို အသင်းတော်စာအုပ်ထဲ၌ ထိန်းသိမ်းထားပါသည် (၁တိ ၅း၃၊ ၉၊ ၁၆)။

တမန်တော်များ (အသင်းတော်တည်ထောင်သူများ) ကို စေလွှတ်ကာငွေကြေးဖြင့် ထောက်ပံ့ပေးခြင်းသည် အသင်းတော်၏တာဝန်ဝတ္တရားဖြစ်သည်။ စေလွှတ်ခြင်းကို ဂရိဘာသာစကားအားဖြင့် prorempo ဟုခေါ်ပါသည်။ ဓမ္မသစ်ထဲတွင် ထိုစကားလုံးကိုအသုံးပြုသောအခါ စေလွှတ်ခြင်းခံရသောသူတို့သည် စားစရိတ်နှင့်ငွေကြေးဖြင့် ထောက်ပံ့ခြင်းနှင့်ဒွန်တွဲ၍ အသုံးပြုခဲ့သည်။ သူတို့၏အပေါင်းအဖော်များနှင့် ခရီးစရိတ်စသော လိုအပ်မှုများကို ကူညီထောက်ပံ့သည်။ တမန်တော်များကို ပစ္စည်းဥစ္စာခနများနှင့် လုံလောက်စွာစေလွှတ်ခြင်းသည် အသင်းတော်၏တာဝန်ဖြစ်သည် (တမန် ၁၅း၃၊ ရော ၁၅း၂၄၊ ၁ကော ၁၆း၆၊ ၁၁၊ ၂ကော ၁း၁၆၊ တိ ၃း၁၃၊ ၃ယော ၅-၈)။ ကြိုဆိုခြင်းစကားလုံးကို အသုံးပြုရာတွင်လည်း ထိုနည်းတူပင်ဖြစ်သည် (ဖိလိ ၂း၂၉၊ ၃ယော ၁၀)။အသင်းတော်တည်ထောင်သူတစ်ဦးကြိုဆိုခြင်းသည် သူအတွက်နေစရာအခန်းပြင်ဆင်ပေးထားခြင်းဖြစ်ပြီး ကာယပိုင်းဆိုင်ရာလိုအပ်မှုများဖြည့်ဆည်းပေးထားခြင်းဖြစ်သည်။ဓမ္မသစ်ကျမ်းထဲ၌ရှိသော အသင်းတော်တည်ထောင်သူတို့သည် သူတို့၏ရည်ရွယ်ချက်များအောင်မြင်နိုင်ဘို့ရန် သူတို့ကို ငွေကြေးများစွာဖြင့် ထောက်ပံ့ခဲ့ပါသည်။ထိုသို့ထောက်ပံ့မှသာ သူတို့သည်ဧဝံဂေလိသတင်းကောင်းဝေငှနိုင်ပါမည်။အသင်းတော်များတည်ထောင်နိုင်ပါမည်။တခြားလူတွေကို အခြေခံကျကျနှုတ်ကပတ်တော်ကို သင်ကြားပေးနိုင်၍ တိုးတက်ဖွံ့ဖြိုးစေပါလိမ့်မည်။သူတို့၏လမ်းခရီးတလျှောက်၌ရှိသော အသင်းတော်များ၌သူတို့ကို ကြိုဆိုလက်ခံမည်ဖြစ်ပြီး တခြားအမှုတော်ဆောင်များကိုလည်း သူတို့နှင့်အတူ စေလွှတ်ပါလိမ့်မည်။

တမန်တော်များ၊အသင်းတော်တည်ထောင်သူများသည် သူတို့ဝေငှသောသတင်းကောင်းကို မှီခိုပြီးအသက်မွေးရမည်ဟု ၁ကော ၉း၁-၁၄ ထဲတွင် ဖော်ပြထားပါသည်။ အသင်းတော်မှထောက်

ပွဲကြေးများအားနည်းလာသောအခါ ပေါလုသည်မိမိကိုယ်ကို ထောက်ပံ့နိုင်ရန် ပညာမျိုးစုံနှင့်ပြည့်စုံသူတဦးဖြစ်သည်။ကနဦးအသင်းတော်တွင်ရှိသော လက်ဆောင်ရရှိသော တခြားသူများသည် အချိန်ပြည့်ဧဝံဂေလိဆရာများနှင့်အရည်အသွေးပြည့်မိသော သင်းထောက်လူကြီးများဖြစ်သည်။

ဓမ္မသစ်ထဲ၌ ဖော်ပြထားသောဥစ္စာခနေပေးကမ်းခြင်းသည် ယနေ့ငွေကြေးကို အခြေခံပြီး လုပ်ဆောင်သောသာသနာလုပ်ငန်းနှင့်နှိုင်းယှဉ်ကြည့်လျှင် စိတ်နှောက်ယှက်ဖွယ်ရာများတွေ့ရှိရသည်။ Memphis သတင်းစာထဲရှိ “ The commercial Appeal က ၁၉၈၀ ခုနှစ်အလယ်ပိုင်းတွင်ရှိသော အသင်းတော်တပါး၏ အခြေအနေတို့ကို တင်ပြထားပါသည်။ ထိုဒေသန္တရနှစ်ခြင်းအသင်းတော်သည် ၃၃၀၀၀၀ စတုရန်းပေကျယ်ဝန်းသည်။ကားရပ်သည့်နေရာသည် ၁၄၀၀ စတုရန်းပေ၊အတန်းအတွက်ခန်း ၂၂၁ ခန်း၊စည်းဝေးခန်းမအဆောင်၌ လူ ၂၇၀၀ ဝင်ဆံ့သည်။ သူတို့၏လစဉ်ဝင်ငွေသည် အနည်းဆုံး ၂၅၀၀၀ ဒေါ်လာဖြစ်သည်။ သူတို့အသုံးပြုခဲ့သော စန္ဒရားသည် ၈၀၀၀၀၀ ဒေါ်လာတန်ဖိုးရှိသည်။ပေါလုနှင့်တခြားတမန်တော်တို့သည် မည်သို့ကြောင့် ဤကဲ့သို့သောပစ္စည်းဥစ္စာခနေများ မရှိခဲ့ပါသနည်း။ထိုကဲ့သို့ငွေကြေးများစွာရင်းနှီးမြုပ်နှံအသုံးပြုခြင်းသည် ဓမ္မသစ်ကျမ်းထဲတွင် မတရားသောလုပ်ဆောင်မှုပင်ဖြစ်သည်။သို့သော် ဓမ္မာသစ်ကျမ်း၌ ဖော်ပြထားသော ပေးကမ်းခြင်းနမူနာပုံစံသည် လူတွေကိုပေးကမ်းခြင်းဖြစ်သည်။ပိုင်ဆိုင်ထားသည့်ပစ္စည်းများ ပေးကမ်းခြင်းမျိုးမဟုတ်ပေ။

**ဆယ်ဖို့တဖို့ပေးကမ်းခြင်း (Tithing)**

“ကျမ်းစာက ဆယ်ဖို့တဖို့အကြောင်းပြောထားသောကြောင့် ကျွန်တော်ယုံကြည်သည်။” ကျွန်တော်တက်ခဲ့သော ကြီးမားသည့်ဘုရားကျောင်းထဲ၌ရှိသော ယုံကြည်သူတို့က အပတ်တိုင်းတွင် အသုံးပြုခဲ့သောစကားလုံးဖြစ်သည်။သွန်သင်ပေးသည့်သင်းအုပ်ဆရာတချို့တို့က ဘုရားသခင်၏ လူတို့သည် ဆယ်ဖို့တဖို့မထည့်ပါက ဘုရားသခင်၏ဥစ္စာလုယူသူများဖြစ်သည်ဟု အထူးပြုကာ ဟောပြောခဲ့ကြသည်။ (မာလ ၃း၈–၁၀)။ကြီးမားသော အသင်းတော်တပါးတွင် “ဆယ်ဖို့တဖို့အယူဝါဒ၌ စိတ်အားထက်တန်” သော ယုံကြည်သူတချို့ရှိသည်။ သူတို့က “ဆယ်ဖို့တဖို့သည် ဘုရားသခင်၏ ဥစ္စာဖြစ်သည်” ဟု ပြောကြသည်။ထိုသမ္မာတရားကို ကျွန်ုပ်တို့သင်ယူသည်။ထိုခံယူချက်ကိုလည်း ယုံကြည်သည်။ဝမ်းမြောက်ရွှင်လန်းစွာဖြင့် ပေးကမ်းသည်။

ဟုတ်ပါ၏။သမ္မာတရားက ဆယ်ဖို့တဖို့အကြောင်းကို သွန်သင်ထားပါသည်။ဘုရားသခင်၏လူများက ပုရွက်ဆိတ် သို့မဟုတ် ကမာကောင်များမစားရန် ဆယ်ဖို့တဖို့နှင့်ပတ်သက်သော မောရှေ၏ပညတ်တော်ထဲတွင် သွန်သင်ထားပါသည်။ပင့်ကူဥသည်ဟောင်းက ပင့်ကူဥသည်သစ်ကို ဤကဲ့သို့ ချည်နှောင်သေးသလောဟု မေးရမည်ဖြစ်သည်။မောရှေ၏ပညတ်ကျမ်းသည် သခင်ယေရှု၏ပညတ်တော်နှင့်တူညီပါသလော?။

နှိုင်းယှဉ်ပါက ဓမ္မာဟောင်းထဲ၌ရှိသော ဆယ်ဖို့တဖို့သည် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည်။သို့သော် မိမိစိတ်ဆန္ဒအတိုင်းပေးကမ်းခြင်းမျိုးမဟုတ်ပေ။ထိုကဲ့သို့ပေးကမ်းခြင်း၏ ရည်ရွယ်ချက်သည် ဘုန်းတော်ကြီးများအတွက် ထောက်ပံ့ပေးနိုင်ရန်ဖြစ်သည်။အခွန်ပေးကမ်းခြင်းနှင့်တူပါသည်။ထိုကဲ့သို့ လုပ်ဆောင်ခြင်းသည် ယဇ်ပုရောဟိတ်များနှင့်ဗိမာန်တော်အဆောက်အဦးများ ပါဝင်သော ဝတ်ပြုကိုးကွယ်ခြင်းစနစ်ထဲတွင် လူမျိုးခွဲ

ခြားမှုပင်ဖြစ်သည်။ယုံကြည်သူတို့သည် ဣသရေလလူမျိုးများနည်းတူ ဘုန်းကြီးများအုပ်ချုပ်ရေးစနစ်မရှိပေ။သို့သော် အစိုးရအုပ်ချုပ်ရေးစနစ်သာရှိသည်။ယုံကြည်သူတို့သည် ဣသရေလလူမျိုးများနည်းတူ ယဇ်ပုရောဟိတ်အမျိုးဟူ၍ ခွဲခြားမှုမရှိပေ။သို့သော် အသင်းတော်၌ ရှိသောယုံကြည်သူအားလုံးတို့သည် ယဇ်ပုရောဟိတ်အမျိုးများဖြစ်ကြသည်။ အသစ်သောပဋိညာဉ်သည် ပဋိညာဉ်ဟောင်းကဲ့သို့ တည်ဆောက်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန် ဗိမ္ဗာန်တော်၌ အဆင့်အတန်းခွဲခြားမှုမရှိပေ။ ယုံကြည်သူတို့သည် အသင်းသားတို့၏ အိမ်တွင်တွေ့ဆုံခဲ့ကြသည်။ယုံကြည်သူများသည် မိမိကိုယ်တိုင်ပါဝင်သည်။ (တစ်ဦးစီတိုင်း၊အဖွဲ့လိုက်ပါဝင်ခြင်း)။ယုံကြည်သူအားလုံးသည် ဘုရားသခင်၏ဗိမ္ဗာန်တော်ကို တည်ဆောက်ကြသည် (ကျောက်ဖြင့်တည်ဆောက်သော ဝိညာဉ်တော်ဗိမ္ဗာန်) ။ဗိမ္ဗာန်တော်သီးသန့်မရှိတော့ပေ။ယဇ်ပုရောဟိတ်အမျိုးဟူ၍ ခွဲခြားခြင်းမရှိတော့ပေ။ဘုန်းတော်ကြီးများ အုပ်ချုပ်သောစနစ်ဟူ၍ မရှိတော့ပေ။သန့်ရှင်းသောမြေဟူ၍လည်း မရှိတော့ပေ။အစားအသောက်တွင် တားပြစ်ခြင်းမရှိတော့ပေ (ပုရွက်ဆိတ်၊ကရုကမာကောင်)။ဆယ်ဖို့တဖို့ပေးကမ်းရန် အတင်းခိုင်းခြင်းမရှိတော့ပေ။ဆယ်ဖို့တဖို့ပေးကမ်းရန် ပဋိညာဉ်သစ်ထဲတွင် မရှိတော့ပေ။ပဋိညာဉ်ပိုင်းဆိုင်ရာ ပြောင်းလဲခြင်းရှိခဲ့သည်။ (ဟေဗြဲ ၇း၁၂)။ကျင့်သုံးခြင်းစနစ်ဟောင်းကို ပျောက်ကွယ်သွားခဲ့ (ဟေဗြဲ ၇း၁၈)။ပဋိညာဉ်သစ်က ပထမပဋိညာဉ်ကို ဟောင်းစေခဲ့သည်။(ဟေဗြဲ ၇း၁၃)။

ဆယ်ဖို့တဖို့ပေးကမ်းခြင်းသည် ပထမပဋိညာဉ်ထဲတွင် ဖော်ပြထားသော ဓလေ့ထုံးစံဖြစ်သောကြောင့် တချို့သောညီအစ်ကိုတို့က မပေးမနေစေခိုင်းခြင်းဖြစ်သည်ဟု ခံယူကြပါသည်။ဥပမာအားဖြင့် အာဗြဟံက မေခိဇေဒဲ(ခ်)ထံဆယ်ဖို့တဖို့ပေးကမ်းခဲ့သည်။ ပဋိညာဉ်ဟောင်းသည် အာဗြဟံက မေခိဇေဒဲ(ခ်)ထံပေးအပ်သော အချိန်သည်နှစ်ပေါင်းများစွာတွင် မပြုခဲ့သောအရာဖြစ်သောကြောင့် ဆယ်ဖို့တဖို့ပေးလှူခြင်းသည် ထိုမှတဆင့် ပထမပဋိညာဉ်တိုင်အောင် ဆင့်ပွါးတည်ရှိသော လုပ်ထုံးလုပ်နည်းဖြစ်သည်ကို တွေ့ရှိရသည်။ဤကဲ့သို့တင်ပြထားခြင်းသည် ပထမပဋိညာဉ်အတွက် မှန်ကန်သောသဘောရှိသည်။သို့သော် ဆယ်ဖို့တဖို့ပေးလှူခြင်းသည် အာဗြဟံ၏ခေတ်ကာလတွင် ရပ်တန့်သွားခဲ့သည်။(ယာကုပ်၏ဆယ်ဖို့တဖို့ပေးလှူခြင်းထဲတွင်လည်း ထိုကဲ့သို့ပြောရပေမည်)။ထို့ပြင် အာဗြဟံသည် တိရိစ္ဆာန်ဖြင့် ယဇ်ပူဇော်ခြင်းကို ပြုခဲ့ပြီး သူ၏မိသားစုဝင်ယောကျ်ားအားလုံးကို အရည်ဖျားလှီးခဲ့ပါသည်။(ဤအကြောင်းနှစ်ခုတို့ကို ခရစ်ယာန်အားလုံးတို့က အသာရေကျင့်စဉ်တို့တွင် အရေးကြီးသည်ကို တွေးမိပါသည်။) ထိုငြင်းခုံမှုတို့သည် ယခုလျော့နည်းသွားပါသည်။ အကောင်းဆုံးသောနိဂုံးသည် ကျွန်ုပ်တို့၏အသက်တာတွင် ဆယ်ဖို့တဖို့ကို တကြိမ်တည်းပေးကမ်းရန်ရှိသည်ဟူ၍ ဖြစ်သည်။

တစ်ချို့လူတွေ၏ နှလုံးသားထဲတွင် သခင်ယေရှုဖော်ပြခဲ့သောအရာကို အခြေပြုကာ စိတ်စွဲလမ်းကြသည်။ ၎င်းသည် “သင်တို့ပိုင်ဆိုင်မှုထဲမှ ဆယ်ဖို့တစ်ဖို့ကို ပေးလှူခဲ့ကြသည်။ သို့သော် ပညတ်တရားတွင် လေးသောအရာတို့ကိုကား လှပ်၍ထားကြသည်။ အရင်ဆိုသောအရာကိုမလှပ်မထား နောက်ဆိုသောအရာကျင့်ရမည်” (မဿဲ ၂၃း၂၃)။ ဤအခြေခံကို ပညတ်တော်စကားနှင့်အတူ မှန်ကန်စွာကျင့်သုံးခြင်းသည် သေချာက်ဖြစ်သည် (မဿဲ ၂၃း၂၃)။ သခင်ယေရှုက ပညတ်တော်သွန်သင်သောဆရာများနှင့် ဖါရိရှဲတို့ကိုအသစ်သောပဋိညာဉ်တရားကို လှပ်ထား၍ ပထမပဋိညာဉ်ကိုသာ ကျင့်သုံးသူများဟု စီရင်ပြောဆိုခဲ့ခြင်းဖြစ်သည်။ ပညတ်တော်သည် မောရှေ၏ပဋိညာဉ်ဖြစ်၍ အသစ်သောပဋိညာဉ်မဟုတ်ပေ။ သခင်ယေရှုခေတ်တွင်ရှိသော ဣသရေလလူမျိုးတို့ကို ဆယ်ဖို့တစ်ဖို့ပေးရန်တောင်းဆို

ခဲ့သည်။ (တိရိစ္ဆာန်ကို ယဇ်ပူဇော်ခြင်းပြုရန်) အသစ်သောပဋိညာဉ်အောက်တွင် အသက်ရှင်သော ကျွန်ုပ်တို့သည် ပထမပဋိညာဉ်နှင့် ၎င်း၏ပညတ်ချက်တို့သည် ကုန်ဆုံးသွားခဲ့သောကြောင့် ထိုကဲ့သို့ပြုရန် တောင်ဆိုခြင်းမရှိတော့ပေ။ ခရစ်တော်၏ ပညတ်တော်အောက်တွင် အသက်ရှင်ရန်ဖြစ်သည်။

ဟုတ်ပါသည်။ ဆယ်ဖို့တစ်ဖို့ပေးကမ်းရန် ဘုရားသခင်က မိတ်ဆွေနှလုံးသားထဲ၌ နိုးဆော်ပါက ဆယ်ဖို့တစ်ဖို့ပေးရာတွင် မှားယွင်းမှုမရှိပေ။ အထက်က ဖော်ပြထားသည့်အတိုင်း အာဗြဟံနှင့်ယာကုပ်တို့သည် ပညတ်တော်မထားရှိမီ ဆယ်ဖို့တစ်ဖို့ကို မိမိဆန္ဒအလျောက်ပေးလှူခဲ့ကြသည်။ သူတို့သည် တခြားသူများလိုက်နာဆောင်ရွက်သင့်သော စံနမူနာကိုပြသခဲ့ပါသည်။ ပေးကမ်းလှူဒါန်းခြင်းဟူသည် မိမိနှလုံးသားမှပေးကမ်းရန် ဆုံးဖြတ်သည့်အတိုင်း လက်တွေ့လုပ်ဆောင်ပေးကမ်းခြင်းသည် စစ်မှန်သောပေးလှူခြင်းဖြစ်သည်။ ဆယ်ဖို့တစ်ဖို့ပေးကမ်းခြင်းကို ဝန်မလေးသင့်ပေ။

## ရိတ်သိမ်းခြင်းနှင့်ပြန့်ကျဲခြင်း (Reaping & Sowing)

ပဋိညာဉ်သစ်တိုက်တွန်းသော ရက်ရက်ရောရောဖြင့် ပေးကမ်းလှူဒါန်းခြင်းကို အငြင်းပွားမှုမရှိအပ်ပေ။ ရှင်မဿဲခရစ်ဝင် ၆း၁၉–၂၁ ထဲတွင် ကောင်းကင်နိုင်ငံတော်သို့ ဘဏ္ဍာတော်များစုသိမ်းရန် သခင်ယေရှုက မိန့်ဆိုခဲ့သည်။ ရှင်မဿဲခရစ်ဝင် ၁၉း၂၁ ထဲတွင် ချမ်းသာသော လူငယ်လေးထံ သခင်ယေရှုက ဆင်းရဲသားတို့အားပေးကမ်းလှူဒါန်းခြင်းသည် ကောင်းကင်နိုင်ငံတော်တွင် ဘဏ္ဍာသိမ်းဆည်းခြင်းဖြစ်သည်ဟု မိန့်ဆိုခဲ့သည်။ တိမောသေဩဝါဒစာပဌမစောင် ၆း၁၈–၁၉ ထဲတွင် “စွန့်ကဲလိုသောစေတနာစိတ်ရှိခြင်းသည် ဘဏ္ဍာသိမ်းဆည်းရာတွင် နောင်ဘဝ၌ကောင်းသောဘဏ္ဍာကို မိမိတို့အဘို့ ဆည်းဖူးခြင်းတို့ကို ပြုရမည်” ဟုတိုက်တွန်းခြင်းကို တွေ့ရသည်။ သူတစ်ပါးကို ပေးလှူရမည်။ “အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့ ပေးလှူခြင်း၌ ဘုရားသခင်ဝမ်းမြောက်သည်” (ဟေဗြဲ ၁၃း၁၆)။

သို့သော် မည်မျှပေးလှူရမည်နည်း။ အဖြေသည် မိတ်ဆွေက နောင်အခါတွင် မည်မျှရိတ်သိမ်းလိုသနည်း။ မည်မျှကောင်းကြီးခံစားလိုသနည်း။ ကောင်းကင်နိုင်ငံ၌ မည်မျှဘဏ္ဍာသိမ်းဆည်းလိုသနည်းဟူ၍ ဖြစ်သည်။ ဤကျမ်းစာပြောသော ဤစကားကို မှတ်သားအပ်ပေသည်။ “အနည်းငယ်သောမျိုးစေ့ကို ကဲသောသူသည် စပါးအနည်းငယ်ကိုသာ ရိတ်ရမည်။ များစွာကဲသောသူသည် များစွာရိတ်ရမည်ဟု မှတ်ကြလော့။ လူတိုင်းကိုယ်အလိုအလျောက်လှူရ၏။ နှမြောသောစိတ်နှင့် မလှူရ။ အကြောင်းမူကား စေတနာစိတ်နှင့် လှူသောသူကိုသာ ဘုရားသခင်နှစ်သက်တော်မူ၏” (၂ကော ၉း၆–၇)။ ပဋိညာဉ်သစ်ဖော်ပြချက်အရ လူတိုင်းသည် “မိမိနှလုံးသာမှပေးလှူရန် ဆုံးဖြတ်ထားသည့်အတိုင်း ပေးလှူရ၏။” ထိုအရာတို့သည် ကျွန်ုပ်တို့လုပ်ဆောင်ရမည့် တာဝန်ဖြစ်သည်။ ဆယ်ဖို့တစ်ဖို့နှင့် ပတ်သက်၍ မောရှေတောင်းဆိုထားခြင်းသာဖြစ်၍ အသစ်သောပဋိညာဉ်က တောင်းဆိုခြင်းမဟုတ်ပေ။ ဖော်ပြလိုသောအရာသည် ကျွန်ုပ်တို့၏ပေးကမ်းခြင်းသည် တွန့်တိုခြင်းမရှိ၊ အတင်းပြောခိုင်းခြင်းလည်းမရှိပေးကမ်းလှူဒါန်းရန်ဖြစ်သည်ကို မှတ်ယူလိုက်ပါ (၂ကော ၉း၇)။ လူတစ်ယောက်

က မိတ်ဆွေသည် ဆယ်ဖို့တစ်ဖို့မပေးလျှင် ဘုရားသခင်၏ဥစ္စာလုယူသည်ဟု ပြောခဲ့လျှင် ထိုအရာသည် လူတွေကိုအတင်းဖွတ်ခိုင်းခြင်းမဟုတ်လော။

မိတ်ဆွေ၏နှလုံးသားထဲမှ ပေးကမ်းရန်ဆုံးဖြတ်ချက်အတိုင်း ပေးကမ်းလိုက်ပါ။ သို့သော် မိတ်ဆွေပေးလှူခဲ့သော အလှူငွေတို့ကို အသင်းတော်အဆောက်အဦးများတည်ဆောက်ရန်၊ သင်းဝင်ကြေးပေးအပ်ခြင်း၊ နယမြေများဝယ်ယူ၍ ပေးကမ်းလှူဒါန်းခြင်း၊ သင်းအုပ်ဆရာများအတွက် ထိုင်ခုံများဝယ်ယူရန်အတွက် အလှူငွေ၊ စန္ဒယားအတွက် အလှူငွေရှစ်ထောင်စသဖြင့် အသုံးပြုရန်ဖြစ်သည်ကို မတွေးအပ်ပေ။ အလှူငွေတို့ကို မရှိဆင်းရဲသားများကူညီရန်နှင့် အသင်းတော်၌အမှုတော်ထမ်းဆောင်နေသော သာသနာပြုသူများ၊ အသင်းတော်တည်ထောင်သူများ၊ တမန်တော်များ၊ ဧဝံဂေလိဆရာများ၊ အရည်အချင်းပြည့်မီသော သင်းထောက်လူကြီးများ ကူညီထောက်ပံ့ရန် ဘုရားသခင်၏ ပထမဆုံးသော ရည်ရွယ်ချက်ဖြစ်သည်။

***Steve Atkerson***